Message Five

## နိုးကြားသောအသက်ရှင်ခြင်းနှင့် ထိန်းကျောင်းခြင်းကို အားထုတ်လုပ်ဆောင်ခြင်းဖြင့် သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေခြင်း

ဖတ်ရန်ကျမ်း။ ။၂ကော၊၄း၁၆-၁၈။ ယော၊၂၁း၁၅-၁၇

**I. သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် နိုးကြားသော အသက်ရှင်ခြင်း၊ တစ်နေ့ထက်တစ်နေ့ အသစ်ပြုပြင်ခြင်းကို ခံရခြင်း (၂ကော၊၄း၁၆-၁၈) ဖြင့် ကျွန်ုပ်တို့၏ အောင်မြင်ခြင်းကို ထိန်းသိမ်းထားရန် လိုအပ်သည်။ ဤအသစ်ပြုပြင်ခြင်းသည် နံနက်တိုင်း လန်းဆန်းခြင်း ရှိစေရန်ဖြစ်သည် (မ၊ ၁၃း၄၃။ လု၊ ၁း၇၈-၇၉။ သု၊ ၄း၁၈။ သူကြီး၊ ၅း၃၁)။**

A. ကျွန်ုပ်တို့သည် နေ့စဉ် အသစ်သော အစပြုခြင်းရှိရန် နံနက်စောစောတွင် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ရမည် ဖြစ်သည်- ဆာ၊၁၁၉း၁၄၇-၁၄၈။

B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နေမင်းတည်းဟူသော သခင်ယေရှုကို ကျွန်ုပ်တို့၌ ပေါ်ထွန်းစေရန် နံနက်တိုင်း ခွင့်ပြုသင့်ပါသည်၊ သို့မှသာ ကျွန်ုပ်တို့သည် အသစ်ပြုပြင်ခြင်း ခံရနိုင်မည်ဖြစ်သည် - လု၊၁း၇၈-၇၉။ မာလ၊ ၄း၂။ သူကြီး၊၅း၃၁။

1. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် မိတ်သဟာယဖွဲ့ရန် နံနက်စောစော နိုးထသင့်ပြီး၊ "သခင်၊ အသစ်သော အစပြုခြင်းအတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်၊ ဤနေ့သည် ကျွန်ုပ်၏အသက်တာ၌ အောက်မေ့ဖွယ်ရာနေ့ ဖြစ်စေတော်မူပါ" ဟူ၍ ဆုတောင်းနိုင်ပါသည်။ ဤသည်မှာ ကျွန်ုပ်တို့ခေါ်ဆိုသော နံနက်ခင်းနိုးကြားခြင်း ဖြစ်ပါသည်။
2. နံနက်တိုင်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်ဖြေရာပူဇော်သက္ကာကို ကိုယ်တော်၏ဖြစ်ခြင်းအပေါ် အခြေခံ၍ ခရစ်တော်ကို ကျွန်ုပ်တို့၏ မီးရှို့ရာပူဇော်သက္ကာနှင့် သင့်တင့်ရာပူဇော်သက္ကာအဖြစ် ပူဇော်သင့်ပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် အသစ်သော အစပြုခြင်း ရှိနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကို  နေ့တိုင်း လုပ်ဆောင်ရမည် သာမကဂင်းကို နှစ်လိုချိုမြိန်ခြင်း၊ လေးနက်ခြင်းနှင့်အတူ လုပ်ဆောင်ရမည်ဖြစ်သည်-ဝတ်၊၆း၁၂-၁၃။
3. ခရစ်တော်ကို ကျွန်ုပ်တို့၏ မီးရှို့ရာပူဇော်သက္ကာအဖြစ် နံနက်တိုင်း ယူဆောင်ခြင်းသည် ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် လုံးလုံးအသက်ရှင်တော်မူခြင်းနှင့် ကျွန်ုပ်တို့အား ထိုသို့သော အသက်ရှင်ခြင်းရှိစေရန် တတ်စွမ်းစေသော အသက်ဖြစ်တော်မူသော ကိုယ်တော့်ကို ယူဆောင်ခြင်းဖြစ်သည်-၁း၉။ ၆း၁၂-၁၃။ ယော၊ ၅း၁၉၊ ၃၀။ ၆း၃၈။ ၇း၁၈။ ၈း၂၉။

C. နိုးကြားသောအသက်ရှင်ခြင်းရှိရန် အလို့ငှာ၊ ကျွန်ုပ်တို့သည် သခင်ဘုရားကို အကြွင်းမဲ့ချစ်မြတ်နိုးသောသူများ ဖြစ်ရမည်ဖြစ်ပြီး၊ ခရစ်တော်ကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်မှုရှိခြင်းနှင့် အမြတ်ရယူခြင်း၏ နေ့စဉ်ရည်ရွယ်ချက်ဖြင့် ကိုယ်တော့်အဖို့ အသက်ရှင်ရမည် ဖြစ်သည်- ၁ကော၊ ၂း၉။ ၂ကော၊ ၅း၁၄-၁၅။ ဖိ၊ ၃း၁၄။

D. ကျွန်ုပ်တို့သည် ယဇ်ပလ္လင်၏အသက်တာနှင့် တဲတော်၏အသက်တာကို အသက်ရှင်သောသူများ ဖြစ်ကြရမည်ဖြစ်သည်- က၊ ၁၂း၇-၈။ ၁၃း၃-၄၊ ၁၈။

1. ကျွန်ုပ်တို့ထံသို့ ဘုရားသခင်၏ထင်ရှားခြင်းမှာ ကျွန်ုပ်တို့၏ ဆက်ကပ်အပ်နှံခြင်း၌ ထွက်ပေါ်လာပြီး၊ ကျွန်ုပ်တို့အား ယဇ်ပလ္လင်တည်ဆောက်စေသည်၊ ယဇ်ပလ္လင်သည် ကျွန်ုပ်တို့ရှိသမျှကို ပူဇော်ခြင်းအားဖြင့် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းအတွက်ဖြစ်၍၊ ကိုယ်တော်၏အကြံအစည်တော်အတွက် ဘုရားသခင်ကို ရရှိရန်ဖြစ်သည်။ ယဇ်ပလ္လင်ကို တည်ဆောက်ခြင်းမှာ ကျွန်ုပ်တို့၏အသက်တာသည် ဘုရားသခင်အတွက်၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်အတွက်နှင့် ကျွန်ုပ်တို့အသက်တာ၏ အဓိပ္ပာယ်မှာ ဘုရားသခင်ပင်ဖြစ်သည်ဟုဆိုလိုသည်-၈း၂၀-၂၁က။ ထွ၊ ၂၉း၁၈-၂၃။

2. တဲတော်အသက်တာကို အသက်ရှင်ခြင်းမှာ ကျွန်ုပ်တို့သည် ပိုမိုကောင်းမွန်သောပြည်ကို ရှာဖွေကာ၊ ဘုရားသခင် တည်ဆောက်သောမြို့ ယေရုရှလင်မြို့သစ်ကို စိတ်အားထက်သန်စွာ စောင့်မျှော်နေကြသော မြေကြီးပေါ်ရှိ တစ်ကျွန်းတစ်နိုင်ငံသားနှင့် ဧည့်သည်အဂ္ဂန္တုများဖြစ်ကြောင်းကို ကြေညာခြင်း ဖြစ်သည်-ဟေဗြဲ၊ ၁၁း၉-၁၀၊ ၁၃။

E. နိုးကြားမှုရှိခြင်းသည် နေ့စဉ် အသစ်ပြုပြင်ခံရပြီး၊ ပုံသဏ္ဌာန်ပြောင်းလဲမှု ရှိခြင်းသည် နေ့စဉ် သစ်လွင်လန်းဆန်းမှု ရှိခြင်းဖြစ်သည်၊ အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့၏အသက်တာတစ်ခုလုံးကို ဤပုံသဏ္ဌာန်ပြောင်းလဲပေးခြင်း၌ တည်စေမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ရင့်ကျက်သည့်တိုင်အောင် သခင်ဘုရား၏အသက်၌ ကြီးထွားလိမ့်မည်ဖြစ်သည်-ရော၊၁၂း၂။ ၂ကော၊ ၃း၁၈။ ဟေဗြဲ၊ ၆း၁က။

F. ကျွန်ုပ်တို့သည် ကားတိုင် (၂ကော၊ ၄း၁၀-၁၂၊ ၁၆-၁၈)၊ ဘုရားအသက်နှင့် ပြန်၍ပြုပြင်ခြင်း၊ ဘုရားအသက်နှင့် အသစ်တစ်ဖန်မှတ်ယူခြင်း၊ ဘုရားအသက်နှင့် အသစ်စီမံခြင်းအားဖြင့်ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော် (တိ၊ ၃း၅)၊ ကျွန်ုပ်တို့၏ရောနှောပေါင်းစည်းထားသောဝိညာဉ် (ဧ၊၄း၂၃) နှင့် ဘုရားသခင်၏ သန့်ရှင်းသောနှုတ်ကပတ်တော် (ဧ၊ ၅း၂၆) တို့ဖြစ်သောအရာလေးခုအားဖြင့် နေ့စဉ် အသစ်ပြုပြင်ခံရကြသည်။

G. ကျွန်ုပ်တို့သည် အသစ်ဖြစ်ခြင်း၌ သခင်ဘုရား၏ စားပွဲတော်သို့ လာရန် လိုအပ်သည် (မ၊၂၆း၂၉)။ သခင်ဘုရားသည် စားပွဲတော်အဟောင်းကို မည်သောအခါမှ ယူဆောင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့က "ကျွန်ုပ်တောင်းပန်ပါသည်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ" ဟူ၍ ပြောဆိုရန် သင်ယူခြင်းအားဖြင့် အသစ်ပြုပြင်ခြင်းခံရန် လိုအပ်သည်။

H. ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခအလယ်တွင် ရှိနေစဉ်၊ သခင်ဘုရား၏ အသစ်သောသနားစုံမက်ခြင်းကို နံနက်တိုင်း လက်ခံရရှိရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသစ်ဖြစ်ခြင်းကို တွေ့ကြုံခံစားနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်တို့သည် ယခင်အတိုင်း ရှိလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့ဖြတ်ကျော်ခဲ့သော ဆင်းရဲဒုက္ခသည် အချည်းနှီးဖြစ်လိမ့်မည်ဖြစ်သည်-မြည်၊ ၃း၂၂-၂၄။ ၂ကော၊ ၄း၁၆-၁၈။

**II. သခင်ဘုရားကြွလာခြင်းအတွက် မိမိတို့ကိုယ်ကို အဆင်သင့်ဖြစ်စေရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏သိုးများကို ကျွေးမွေးရန်နှင့် ဘုရားသခင်၏ သိုးစုကို ပြုစုစောင့်ရှောက်ရန် အလို့ငှာ ကိုယ်တော်၏သိုးများကို ထိန်းကျောင်းရန် ခရစ်တော်၏ ကောင်းကင်ဆိုင်ရာ အမှုတော်၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ကျွန်ုပ်တို့၏ အောင်မြင်ခြင်းကို ထိန်းသိမ်းထားရန် လိုအပ်သည်။ ထိုသိုးစုမှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်အဖြစ် ပေါ်ထွက်လာသော အသင်းတော် ဖြစ်သည်-ယော၊၂၁း၁၅-၁၇။ ၁ပေ၊ ၂း၂၅။ ၅း၁-၄။ ဟေဗြဲ၊ ၁၃း၂၀-၂၁။**

A. ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရစီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ကိုယ်တော်၏အမှုတော်၌ သခင်ယေရှု၏ ပုံသက်သေအတိုင်း လူများကို ထိန်းကျောင်းရန် လိုအပ်သည်-မ၊ ၉း၃၆။ ယော၊ ၁၀း၁၁။ ဟေဗြဲ၊ ၁၃း၂၀။ ၁ပေ၊ ၅း၄။

1. ကျွန်ုပ်တို့၌ ခမည်းတော်၏ ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်တတ်သော စိတ်နှလုံး၊ ကယ်တင်ရှင်၏ထိန်းကျောင်းခြင်းနှင့် ရှာဖွေသောဝိညာဉ် မရှိခြင်းတို့မှာ ကျွန်ုပ်တို့၏မြုံနေရခြင်း အကြောင်းရင်းဖြစ်သည်-လု၊ ၁၅း၁-၂၄။

2. ကျွန်ုပ်တို့သည် ယေရှု၏လူသားဇာတိ၌ (သူတို့ကို ပျော်ရွှင်စေရန်၊ ကျေနပ်စေရန်နှင့် နှစ်သိမ့်သက်သာစေရန်) လူများကို ပြုစုရန်လိုအပ်သည် (မ၊၉း၁၀။ လု၊ ၇း၃၄)၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ဘုရားဇာတိ၌ (ကိုယ်တော်၏ အဆင့်သုံးဆင့်၏ အမှုတော်၌ အရာအားလုံးပါဝင်သော ခရစ်တော်နှင့်အတူ သူတို့ကို ကျေးမွေးရန်) လူများကို ကျွေးမွေးရန် လိုအပ်သည်-မ၊၂၄း၄၅-၄၇။

3. ခရစ်တော်သည် အကျင့်တရားမရှိသော အမျိုးသမီးတစ်ဦးကို ရယူရန် ရှာမာရိပြည်ကို ဖြတ်၍ ရှုခါမြို့သို့ ရည်ရွယ်ချက်ရှိစွာဖြင့် လမ်းလွှဲ၍သွားခဲ့ကာ၊ အသက်ရေမြစ်တည်းဟူသော စီးဆင်းနေသော သုံးပါးတစ်ပါးဘုရားနှင့်အတူ သူမကို ကျွေးမွေးရန် အလို့ငှာ ကိုယ်တော့်အား သောက်စရာကိုပေးရန် သူမအား တောင်းဆိုခြင်းဖြင့် သူမကို ပြုစုခဲ့သည်-ယော၊၄း၃-၁၄။

4. အပြစ်ကင်းသောအရှင်အဖြစ်၊ ကိုယ်တော်သည် ဖောက်ပြန်သောအမျိုးသမီးကို မစီရင်ခဲ့ဘဲ၊ သူမ၏အပြစ်များမှတရားရေးဆိုင်ရာ ခွင့်လွှတ်ခြင်းနှင့် သူမ၏အပြစ်များမှ ရှင်သန်စွာ လွတ်မြောက်စေခြင်းအတွက် သူမကို ပြုစုခဲ့သည် (ယော၊

၈း၁-၁၁၊ ၃၂၊ ၃၆)။ ကိုယ်တော်၏အသေခံခြင်းမှတစ်ဆင့် ခရစ်တော်အားဖြင့် ဦးစွာ ကယ်တင်ခံရသောသူမှာ သေဒဏ်ချမှတ်ခံရသော ဓားပြတစ်ဦးဖြစ်ခြင်းမှာလည်း အရေးပါသောအချက်ဖြစ်သည် (လု၊ ၂၃း၄၂-၄၃)။

5. သခင်ဘုရားသည် အခွန်ခံတစ်ဦးဖြစ်သော လူတစ်ဦးကို ရယူရန် ယေရိခေါမြို့သို့ အလည်အပတ်သွားခဲ့ပြီး ကိုယ်တော်၏ဟောပြောခြင်းသည် ထိန်းကျောင်းခြင်း ဖြစ်တော်မူခဲ့သည် (၁၉း၁-၁၀)။ ကိုယ်တော်သည် သူငယ်တို့အပေါ် လက်တော်တင်ခြင်းအားဖြင့် မိဘတို့ကိုလည်း ပြုစုခဲ့သည် (မ၊၁၉း၁၃-၁၅)။
6. ရွှေမီးခုံတိုင်များဖြစ်သော အသင်းတော်များအဖို့ ကိုယ်တော်၏ဂရုစိုက်တော်မူခြင်း၌ တက်ကြွတော်မူသောသခင်သည် "သွားလာနေသော ခရစ်တော်" နှင့် "စကားပြောသော ဝိညာဉ်တော်" ဖြစ်သည်။ အသင်းတော်များအလယ်၌ ကိုယ်တော်၏ သွားလာခြင်းအားဖြင့် အသင်းတော်တိုင်း၏ အခြေအနေကို သိရပြီး၊ ပြီးသည့်နောက်တွင် ကိုယ်တော် မြင်တော်မူသည့်အတိုင်း ကျွန်ုပ်တို့ထံ စကားပြောတော်မူသည်၊ သို့မှသာ အသင်းတော်များ၌ရှိသော သန့်ရှင်းသူများအားလုံးကို ကိုယ်တော်၏အောင်မြင်သူများဖြစ်စေရန် ရည်ရွယ်ချက်နှင့်အတူ ဇီဝဖြစ်စဉ်ဆိုင်ရာနှင့် အသက်ဆိုင်ရာ ပုံသဏ္ဍာန် ပြောင်းလဲခြင်း ရှိစေနိုင်မည် ဖြစ်သည်-ဗျာ၊ ၁း၁၂-၁၃။ ၂း၁၊ ၇။

B. ကျွန်ုပ်တို့သည် ဘုရားသခင်၏သိုးစုကို ဂရုစိုက်ရန်အလို့ငှာ နို့ထိန်းမိခင်နှင့် တိုက်တွန်းနှိုးဆော်သော ဖခင်တစ်ဦးကဲ့သို့ ထိန်းကျောင်းခဲ့သော တမန်တော်ပေါလု၏ ပုံစံနမူနာအတိုင်း လူများကို ထိန်းကျောင်းရန် လိုအပ်သည်-၁သက်၊ ၂း၇-၈၊ ၁၁-၁၂။ ၁တိ၊ ၁း၁၆။ တ၊ ၂၀း၂၈။

1. ပေါလုသည် ဧဖက်မြို့၌ရှိသော သန့်ရှင်းသူများကို "လူစုဝေးရာ၌လည်းကောင်း၊ တစ်အိမ်ပြီးတစ်အိမ်၌လည်းကောင်း" သွန်သင်ခြင်းအားဖြင့် ထိန်းကျောင်းခဲ့ပြီး(အငယ်၊၂၀)၊ သုံးနှစ်ပတ်လုံး နေ့ညမပြတ်လူအပေါင်းတို့ကို မျက်ရည်နှင့်တကွ ဆုံးမ၍ (အငယ်၊ ၃၁၊ ၁၉)၊ ဘုရားသခင်၏ အလိုတော်ကို သူတို့အား အကုန်အစင် ဟောပြောပြသခဲ့သည် (အငယ်၊ ၂၇)။
2. ပေါလုသည် သန့်ရှင်းသူများအတွက် ရင်းနှီးကျွမ်းဝင်သော စဉ်းစားပေးခြင်း ရှိခဲ့ပြီး၊ သူသည် အားနည်းသောသူများကို ရရှိနိုင်ရန် အားနည်းသောသူများ၏ အဆင့်သို့ ဆင်းလာခဲ့သည် (၂ကော၊၁၁း၂၈-၂၉။ ၁ကော၊၉း၂၂။ ညွှန်း၊ မ၊၁၂း၂၀)။
3. ပေါလုသည် သူ၏ပိုင်ဆိုင်ခြင်းများကို ရည်ညွှန်းသည့် သူ၌ရှိသောအရာများအား ကုန်စေလိုခဲ့ပြီး၊ သန့်ရှင်းသူများ အဖို့အလို့ငှာ သူ၏ဖြစ်ခြင်းကို ရည်ညွှန်းသည့် သူဖြစ်သည့်အရာကို ကုန်စေရန် အလိုရှိခဲ့သည် (၂ကော၊ ၁၂း၁၅)။ သူသည် သွန်းလောင်းရာပူဇော်သက္ကာဖြစ်ပြီး၊ စပျစ်ရည်ထုတ်လုပ်သောသူအဖြစ် ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ကာ အခြားသူများ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် မိမိကိုယ်ကို ပူဇော်ခဲ့သည် (ဖိ၊ ၂း၁၇။ သူကြီး၊၉း၁၃။ ဧ၊၃း၂)။
4. ပေါလုသည် ဘုရားသခင်ကို ဘုန်းအသရေပေးရန် ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခဲ့သည်၊ သို့မှသာ သူသည် လူတို့ကို ဘုန်းအသရေပေးရန် ထိုဝိညာဉ်တော်ကို အမှုဆောင်နိုင်မည်ဖြစ်သည်-၂ကော၊ ၃း၃၊ ၆၊ ၂၅။ သူကြီး၊ ၉း၉။
5. ပေါလုသည် သူ၏သွန်သင်ခြင်း၌ အသင်းတော်မှာ လူများကို ပြုစုပျိုးထောင်ရာအိမ်၊ သူတို့ကို ကုသရန်နှင့် ပြန်လည်ကျန်းမာစေရာ ဆေးရုံနှင့် သူတို့ကို သွန်သင်ရန်နှင့် တည်ဆောက်ပေးရန် ကျောင်းဖြစ်သည်ဟု ရည်ညွှန်းခဲ့သည်-ဧ၊ ၂း၁၉။ ၁သက်၊ ၅း၁၄။ ၁ကော၊ ၁၄း၃၁။
6. ပေါလုက ချစ်ခြင်းမေတ္တာသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့အတွက် မည်သည့်အရာမဆို ဖြစ်ရန်နှင့် မည်သည့်အရာမဆို လုပ်ဆောင်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်းကို ဖော်ပြခဲ့သည်။ ချစ်ခြင်းမေတ္တာသာ အောင်မြင်လွှမ်းမိုးသည်-၈း၁။ ၁၂း၃၁။ ၁၃း၄-၈က။ ဧ၊၁း၄။ ၃း၁၇။ ၄း၂၊ ၁၅-၁၆။ ၅း၂။ ၆း၂၄။ ကော၊၁း၁၈ခ။ ၁သက်၊၁း၃။

© 2023 Living Stream Ministry